# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 4 , 2023 Volume 70, Number 2

၄.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၄.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၂.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၈.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၀၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ (၃/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြား



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့၊ မွန်းလွဲပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာအထူး စီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး အမှာစကားပြောကြားခဲ့သည်။

ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား အသေးစိတ်ဆွေးနွေး ပြောကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို မူဝါဒအဖြစ်ခံယူကာ အထူးစီးပွားရေးဇုန်များ မြန်ဆန်စွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးကို လည်းကောင်း၊ အထူးစီးပွားရေးဇုန်အလိုက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် များကိုလည်းကောင်း ဆွေးနွေးပြောကြားပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေး ဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ ဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ

အသီးသီးမှ တာဝန်ရှိသူများက အထူးစီးပွားရေးဇုန်အလိုက် ဆောင်ရွက်ရန်ကိစ္စများ၊ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့်အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြခဲ့ကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူနှင့်ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%

## တရုတ်-မြန်မာ နှစ်နိုင်ငံအကြား အဆောက်အအုံရင်းနှီးမြှုပ်နှံမှုနှင့် ဆောက်လုပ်ရေးတိုးမြှင့်ဆောင်ရွက်နိုင်သော တရုတ်နိုင်ငံရှိ ကုမ္ပဏီများ

တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကန်ထရိုက်တာများအသင်းအဖွဲ့ (China International Association-CHINCA) ရှိ ကုမ္ပဏီများသည် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကန်ထရိုက်တာများအသင်းအဖွဲ့မှ ၂၀၂၃ ခုနှစ် အတွက် အသိအမှတ်ပြု ထောက်ခံထားသည့် ကုမ္ပဏီများဖြစ်ပါသည်။ နိုင်ငံတကာတွင် အခြေခံအဆောက်အအုံ ဆောက်လုပ်သည့်ကဏ္ဍများ၌ အရည်အချင်းပြည့်မီခြင်း၊ ခိုင်မာမှုရှိခြင်း၊ အတွေ့အကြုံများစွာရှိခြင်းနှင့် ကောင်းမွန်သော စွမ်းဆောင်ရည်များရှိသည့် ကုမ္ပဏီများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီများ၏ စွမ်းဆောင်ရည်၊ စိတ်ချယုံကြည်နိုင်မှုနှင့် အခြားအသေးစိတ် အချက်အလက်များကို သိရှိလိုပါက Mr.Xiaonan Xu, email:xuxn@chinca.org, Phone no. 0086-10-81130052 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ကုမ္ပဏီများစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**2023 CHINCA Recommendation List of Chinese International Contractors (Myanmar)**

| S/N | Company Name |
|---|---|
| 1 | Sinopec International Petroleum Service Corporation |
| 2 | Power Construction Corporation of China (POWERCHINA Ltd., POWERCHINA International Group Limited, Sinohydro Corporation Ltd., HYDROCHINA Corporation, SEPCO III Electric Power Construction Co., Ltd., POWERCHINA Hubei Engineering Co., Ltd., POWERCHINA SEPCO1 Electric Power Construction Co., Ltd.) |
| 3 | China Communications Construction Company Limited (China Road & Bridge Corporation, China Harbour Engineering Company Limited) |
| 4 | China National Machinery Industry Corporation Ltd. (China Machinery Engineering Corporation, China CAMC Engineering Co., Ltd., China Machinery Industry Construction Group Inc.) |
| 5 | China General Technology (Group) Holding Limited (China National Machinery Imp.& Exp. Corp., China National Technical Import & Export Corporation) |
| 6 | Norinco International Cooperation Ltd. |
| 7 | China National Company Plant Import And Export Corporation Limited |
| 8 | China Three Gorges Corporation |
| 9 | ZTE Corporation |
| 10 | Huawei Technologies Co., Ltd |
| 11 | China International Telecommunication Construction Corporation |
| 12 | Qingjian Group Co., Ltd. |
| 13 | China Petroleum Pipeline Engineering Co., Ltd. |
| 14 | China Huanqiu Contracting & Engineering Corporation |
| 15 | China Nonferrous Metal Industry'S Foreign Engineering And Construction Co., Ltd. |
| 16 | China National Heavy Machinery Corp. |
| 17 | China National Electric Engineering Co., Ltd. |
| 18 | China National Complete Engineering Corporation |
| 19 | CITIC Construction Co., Ltd. |
| 20 | Union Resources & Engineering Co., Ltd. |
| 21 | Yunnan Construction Engneering Grop Corporation |
| 22 | China Railway Construction Corporation Ltd. (China Civil Engineering Construction Corporation (CCECC), China Railway 14th Bureau Group Co., Ltd., China Railway 21st Bureau Group Co., Ltd.) |
| 23 | China Energy Engineering Corporation Limited (China Gezhouba (Group) Corporation, China Energy Engineering Group Hunan Electric Power Design Institute Co., Ltd., Guangdong Electric Power Design Institute) |
| 24 | China State Construction Engineering Corp. Ltd. (China Construction First Group Corporation Limited, China Construction Third Engineering Bureau Co., Ltd., China Construction Fifth Engineering Division Corp., Ltd., China Construction Eighth Engineering Division Corp., Ltd.) |
| 25 | China Sinopharm International Corporation |
| 26 | Xi 'An Electric Engineering Co., Ltd. |
| 27 | China Electric Power Equipment And Technology Co., Ltd. |
| 28 | China Jiangxi International Economic And Technical Cooperation Co., Ltd. |
| 29 | Tebian Electric Apparatus Company Co., Ltd. |
| 30 | Sinoma International Engineering Co., Ltd. |
| 31 | China National Chemical Engineering Co., Ltd. |
| 32 | China National Complete Plant Imp. & Exp. Corp.(Group) |
| 33 | China Railway Group Limited (China Railway International Group Co., Ltd., China Railway No.5 Engineering Group Co., Ltd., China Railway Major Bridge Engineering Group, China Railway No. 10 Engineering Group Co., Ltd., China Railway Eryuan Engineering Group Co., Ltd.) |
| 34 | Metallurgical Corporation of China Ltd. (Mcc International Incorporation Ltd.) |
| 35 | SUMEC Complete Equipment & Engineering Co., Ltd. |
| 36 | China MCC17 Group Co., Ltd. |
| 37 | Zhejiang Orient Engineering Co., Ltd. |
| 38 | China Petroleum Longway Engineering Project Management Co., Ltd. |
| 39 | Shanghai Construction Group Co., Ltd. |
| 40 | Zhongmei Engineering Group Ltd. |
| 41 | Beijing Construction Engineering Group Co., Ltd. |
| 42 | Dongfang Electric Corporation (Dongfang Electric International Corporation) |
| 43 | Hubei International Economic &Technical Cooperation Co., Ltd. |
| 44 | Zhejiang Orient Engineering Co., Ltd. |

**Source: CHINCA**

## မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC) ၏ ကြေညာချက်အမှတ် (၂၄၈) နှင့် (၂၄၉)တို့အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့ မည့်/ တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အောက်ဖော်ပြပါ ကုန်စည်အမျိုးအစား(၁၈)ခုတို့ကိုတင်ပို့သည့် ကုမ္ပဏီများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့တွင် မှတ်ပုံတင်ရမည်ဖြစ်ပါသည်-

(က) အသားနှင့် အသားထုတ်ကုန်များ
(ခ) ရေထွက်ကုန်များ
(ဂ) နို့ထွက်ပစ္စည်းများ
(ဃ) ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များ
(င) အဆာသွတ်ရန် အသုံးပြုသည့် အပေါ်ခွံ
(စ) ပျားရည်နှင့် ပျားထွက်ပစ္စည်း
(ဆ) ဥနှင့်ဥထုတ်ကုန်များ
(ဇ) စားသုံးဆီ

အပြင် အသားအား ဂျုံသားဖြင့်ပြုလုပ်ထားပြီး စားသုံးနိုင်သည့် သို့မဟုတ် အေးခဲထားသည့်ထုတ်ကုန်များ

(ည) စားသုံးနိုင်သောအစေ့အဆံများ
(ဋ) ကြိတ်ခွဲသီးနှံ ထွက်ကုန်များနှင့်မုယောစပါး၊
(ဌ) လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် ရေခဲတတ်ထုတ်ထားသော ဟင်းသီး ဟင်းရွက်များ
(ဍ) ပဲမျိုးစုံ
(ဎ) အနံ့အရသာအတွက် အသုံးပြုသော ဟင်းခတ် အမွှေးအကြိုင်များ
(ဏ) အခွံမာသီးနှင့်အစေ့အဆံများ
(တ) သစ်သီးခြောက်များ
(ထ) မလှော်ထားသော ကော်ဖီစေ့ နှင့် ကိုကိုးစေ့များ
(ဒ) အထူးအာဟာရအစားအသောက်များ၊ ကျန်းမာရေးဖြည့်စွက်စာများ

ကုန်စည်အုပ်စုအလိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာ ဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်နိုင်ရေးအတွက်သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ဖြစ်ကြပါသည်။အဆိုပါကုန်စည်အမျိုးအစား(၁၈) အုပ်စု၌ ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို ထုတ်လုပ်/တင်ပို့မည့်လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက် အစီအစဉ်ဖြစ်သည့် https://cifer.singlewindow.cn သို့ဝင်ရောက်၍ ကိုယ်တိုင် Account ဖွင့်လှစ်ကာ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့အထိ ကုမ္ပဏီ/ စက်ရုံ (၁၃၆၅) ခုမှ ပေးပို့ထားသည့် စောင်ရေစုစုပေါင်း (၂၅၀၈) စောင်အား မှတ်ပုံတင်ရန် လျှောက် ထားပြီးဖြစ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ကုမ္ပဏီ (၁၂၂၁)ခု၊ စောင်ရေ(၂၃၆၄)စောင်၊ ငါးလုပ်ငန်းဦးစီး ဌာနမှ ကုမ္ပဏီ/ စက်ရုံ (၁၂၁)ခု၊ စောင်ရေ (၁၂၁) စောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှကုမ္ပဏီ (၁၄) ခု၊ စောင်ရေ (၁၄) စောင်နှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှကုမ္ပဏီ(၉) ခု၊ စောင်ရေ (၉) စောင် ဖြစ်ပါသည်။

အဆိုပါ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များ အပါအဝင်ကုန်စည်များအား တရားဝင်တင်ပို့နိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်

အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) မှ မှတ်ပုံတင်ပေးပြီးဖြစ်သည့် လုပ်ငန်းများစာရင်းအား တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက်အစီအစဉ် https://ciferquery.singlewindow.cn/ ၌ဖော်ပြထားပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးစားသောက်ကုန်များ တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ခြင်းအတွက် ပြင်ဆင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) အောက်ရှိ CIFER မှတဆင့် ဆောင်ရွက်ခဲ့ရာမှ China Department of Animal and plant Quarantine ဌာနမှ အောက်ဖော်ပြပါ စိုက်ပျိုးရေးစားသောက် ကုန်စည်အုပ်စု (၇) မျိုးကို ပြောင်းလဲတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်းကို Manual စနစ်ဖြင့် လျှောက်ထားရမည်ဖြစ်ပါသည်-

(က) ကော်ဖီစေ့ (raw)၊ ကိုကိုးစေ့ (cocoa beans) {Unroasted coffee beans and cocoa beans}

( ခ ) ဟင်းသီးဟင်းရွက်အစိမ်းများ {Fresh and dehydrated vegetables}

( ဂ ) ဟင်းခတ်အမွှေးအကြိုင်များ {Plant Seasonings (Plant Species)}

(ဃ) စားသုံးနိုင်သည့် အစေ့အဆံများ {Edible grains}

( င ) ပဲမျိုးစုံ { Dried Beans}

( စ ) ဆီထွက်အပင်များ {Oilseeds (Oil Plant)}

(ဆ) တရုတ်တိုင်းရင်းဆေး ထုတ်လုပ်သည့် တိရစ္ဆာန် (သို့မဟုတ်) အပင်မူရင်းများ {Chinese Traditional Medicines}

အဆိုပါ ကုန်စည်အုပ်စု (၇) မျိုးအတွက် Manual စနစ်ဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းအား ကုမ္ပဏီလုပ်ငန်းများမှ ကိုယ်တိုင် ဆောင်ရွက်၍မရပါ။ သက်ဆိုင်ရာ Competent Authority Department ထံလျှောက်ထားရမည်။ စိုက်ပျိုးရေးထွက်ကုန်များ အတွက် စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။ သက်ဆိုင်ရာဌာနမှ တာဝန်ခံအရာရှိ (Competent Authority) ကသာ ၎င်းလျှောက်ထားမှုကို ဆောင်ရွက်နိုင်ပြီး စာ(သို့မဟုတ်) Email ဖြင့် dapq@customs.gov.cn သို့ ပေးပို့ရမည်ဖြစ်ပါသည်။ သို့မဟုတ်မြန်မာနိုင်ငံရှိ တရုတ်သံရုံး တရုတ်နိုင်ငံရှိ မြန်မာသံရုံးမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။

အဆိုပါ https://ciferquery.singlewindow.cn/ Website တွင် online စနစ်ဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေ ထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တွင် Competent Authority ထောက်ခံချက်လိုသည့် ကုန်စည်အုပ်စုနှင့် ကိုယ်တိုင်ဝင်ရောက်လျှောက်ထားသည့် ကုန်စည်အုပ်စု အပါအဝင် စုစုပေါင်း စောင်ရေ (၉၆၃) စောင်အား မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်ကိုတွေ့ရှိရပါသည်။

http://dzs.customs.gov.cn/ Website တွင် Manual စနစ်ဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့အထိ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC)တွင် မှတ်ပုံတင်ပြီးဖြစ်သည့် စာရင်းများကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ထပ်မံသိရှိလိုသည်များရှိပါက အောက်ဖော်ပြပါဖုန်းနှင့် Email တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-


GACC, ရုံးလုပ်ငန်းအဖွဲ့
ပြည်တွင်းကုန်သွယ်မှုဌာနခွဲ
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ဖုန်းအမှတ်-၀၆၇-၃-၄၀၈၆၀၅,၀၆၇-၃-၄၀၈၆၁၈
Email: myantrade.domestic@gmail.com


**Source: myantrade.gov.mm**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လက ကဏန်းပိဿာချိန် ၅၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လက ကဏန်းပိဿာချိန် ၅၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်စန်းအေးကပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံများကို ကဏန်းများကိုဝယ်ယူကာ စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လက ကဏန်းပိဿာချိန် ၄၂၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ပြီးခဲ့သည့် ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကဏန်းပိဿာချိန် ၅၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။ "ဘိုကလေးမြို့က ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်သို့ တိုက်ရိုက် တင်ပို့ရောင်းချနေပါတယ်။ ဩဂုတ်လက ရန်ကုန်ဈေးကွက်ကို ကဏန်းပိဿာချိန် ၅၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်က ဒေသထွက်ကုန် ကဏန်းတွေ အဝယ်လိုက်နေပါတယ်" ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်စန်းအေးက ပြောပြသည်။

ဘိုကလေးမြို့နယ်အတွင်းမှ ရေထွက်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းရှင်များက ကဏန်းများကို စနစ်တကျသန့်စင်ပြီး ကတ်ပုံးများဖြင့်ထည့်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၂၀၀၀ မှ ၈၅၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း၊ အဆိုပါကဏန်းများ အများအပြားတင်ပို့ရောင်းချလာရသည့်အတွက် ကုန်သည်များ၊ ကဏန်း မွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်တင်၊ ကုန်ချ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဆီထွက်သီးနှံ မိုးမြေပဲဆွတ်ခူးချိန်တွင် တစ်ဧကလျှင် ၄၄ ဒသမ ၅၅ တင်းနှုန်းအထိ ထွက်ရှိ



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၌ ယခုနှစ် မိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံ မိုးမြေပဲဆွတ်ခူးချိန်တွင် တစ်ဧကလျှင် ၄၄ ဒသမ ၅၅ တင်းနှုန်းအထိ ထွက်ရှိကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုး၏ ပြောပြချက်အရ သိရသည်။

မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲ၊ စေတုတ္တရာ မြို့နယ်များ၌ ၂၀၂၃ ခုနှစ် မိုးရာသီက ဆီထွက်သီးနှံမိုးမြေပဲ ၃၄၀၂၃ ဧက လျာထားစိုက်ပျိုးခဲ့သည်။ "မင်းဘူးခရိုင်အတွင်း ၂၀၂၃ ခုနှစ် မိုးရာသီမှာ ဆီထွက်သီးနှံမိုးမြေပဲ ၃၁၀၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ မိုးမြေပဲ ၅၄၉ ဧကအထိ ဆွတ်ခူးပြီးပါပြီ။

တစ်ဧကအထွက်နှုန်းအနေနဲ့ ၄၄ ဒသမ ၅၅ တင်းနှုန်းအထိ ထွက်ရှိပါတယ်"ဟု ဦးလှမိုးကပြောသည်။ ၂၀၂၂ ခုနှစ်က မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ မိုးမြေပဲ ၃၈၀၀၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး သီးနှံဆွတ်ခူးချိန်တွင် တစ်ဧကလျှင် ၄၇ ဒသမ ၅၃ တင်းနှုန်းအထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

မင်းဘူးခရိုင်၌ ဆီထွက်သီးနှံမိုးမြေပဲကို စားသုံးဆီအစားထိုး အသုံးပြုနိုင်ရေး စိုက်ပျိုးလျက်ရှိပြီး သီးနှံထွက်ရှိချိန်တွင် ဈေးကောင်းရရှိကြောင်းသိရသည်။ လက်ရှိ မိုးမြေပဲထွက်ရှိချိန်တွင် မိုးမြေပဲ (နီဆန်)တစ်ပိဿာလျှင် ငွေကျပ် ၉၂၀၀၊ မိုးမြေပဲ(ဖြူဆန်) တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ဈေးနှုန်း ရရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/45399

## လပွတ္တာမြို့နယ်၌ နေလှန်းဆား ဈေးကောင်းရရှိ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်၌ ဒေသထွက် နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ အထိ ဈေးကောင်း ရရှိနေကြောင်း လပွတ္တာ မြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဆွေသန်း၏ ပြောပြချက်အရ သိရသည်။

"ဒီနှစ် နေလှန်းဆားဈေးနှုန်းက တော်တော်ကောင်းနေတယ်။ လက်ရှိမှာ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်း လုပ်တဲ့ ရာသီဖြစ်လို့ အခုလို ဒေသထွက်ဆား ဈေးတက်နေတာပါ။ လက်ရှိအချိန်က လက်ကျန်ဆားတွေကိုပဲ ရောင်းနေတာ။ အခုလို ဆားဈေးကောင်းလာတော့ ဆားထုတ်လုပ်တဲ့သူတွေလည်း အဆင်ပြေလာတာ တွေ့ရပါတယ်။

ဒေသထွက်ဆားတွေကို ဧရာဝတီတိုင်းဒေသကြီးထဲက ဆားဝယ်လက်တွေကို ရောင်းချနေရတဲ့အပြင် ရန်ကုန် ဈေးကွက်ကိုလည်း တင်ပို့ရောင်းချနေပါတယ်။ ဆားဈေးကောင်းလာတော့ ဆားသိုလှောင်ထားသူတွေ အဆင်ပြေတာ တွေ့ရပါတယ်"ဟု ဒေါ်ဆွေသန်းကပြောသည်။

လပွတ္တာမြို့နယ်၌ မေ၊ ဇွန်နှင့်ဇူလိုင်လတို့က နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၅၅၀၀၀ ခန့်သာ ဈေးရရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ လက်ရှိအချိန်ထိ နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ အထိ ဈေးကောင်း ရရှိနေခြင်း ဖြစ်သည်။

**Source:** https://www.myawady.net.mm/node/45396

## အိန္ဒိယအစိုးရသည် ဘာစမာတီမဟုတ်သည့် ဆန်ဖြူကို ဘူတန်၊ စင်ကာပူနှင့် မောရစ်သျှနိုင်ငံများသို့ တင်ပို့ခွင့်ပြုလိုက်ခြင်း

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနအောက်ရှိ နိုင်ငံခြား ကုန်သွယ်ရေး အထွေထွေညွှန်ကြားမှုဦးစီးဌာနက ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၃ ဖြင့် ဘာစမာတီမဟုတ်သည့်ဆန်ဖြူများ ပြည်ပသို့ တင်ပို့မှုကို တားမြစ်ပိတ်ပင်သည့် အမိန့်ထုတ်ပြန်ခဲ့ပါသည်။ သို့ရာတွင် အဆိုပါအမိန့်ကြော်ငြာစာအမှတ် စာပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ)တွင် "အခြားသောနိုင်ငံအစိုးရများက စားနပ်ရိက္ခာဖူလုံမှုရှိစေရန်အတွက် မေတ္တာရပ်ခံလာမှုအပေါ် မူတည်ပြီး အိန္ဒိယအစိုးရမှ ဆန်တင်ပို့မှုကို ခွင့်ပြုသွားနိုင်သည်" ဟု ဖော်ပြထားသည်ဟု သိရှိရပါသည်။ ယခုအခါ နိုင်ငံခြားကုန်သွယ်ရေးအထွေထွေညွှန်ကြားမှုဦးစီးဌာနက ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၃၀/၂၀၂၃ ဖြင့် ဘာစမာတီမဟုတ်သည့်ဆန်ဖြူ(HS code 1006 30 90) ကို အမျိုးသား သမဝါယမ ပို့ကုန် လီမိတက်မှတစ်ဆင့် ဘူတန်၊ စင်ကာပူနှင့်မောရစ်သျှနိုင်ငံများသို့ ဆန်တင်ပို့မှုကိုခွင့်ပြုခဲ့ပြီး ခွင့်ပြုသည့်ပမာဏကိုပါ ထုတ်ပြန်ခဲ့ ပါသည်။ နိုင်ငံအလိုက် ဆန်တင်ပို့မှု ခွင့်ပြုခဲ့သည့်ပမာဏများမှာ ဘူတန်နိုင်ငံသို့ ၇၉၀၀၀ တန်၊ မောရစ်သျှနိုင်ငံသို့ ၁၄၀၀၀ တန်နှင့် စင်ကာပူနိုင်ငံသို့ ၅၀၀၀၀ တန်ဖြစ်ကြောင်းတွေ့ရှိရပါသည်။

အဆိုပါခွင့်ပြုချက်မှာ ဇူလိုင်လက ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် စာပိုဒ် ၂၊ အပိုဒ်ခွဲ (ဃ) အရ ခွင့်ပြု ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

https://myantrade.gov.mm/article/STP(Ygn)%20_04092023%20_11:32

## နယ်စပ်မှ တင်သွင်းမည့် ကုန်စည် (၇) မျိုးအတွက် နိုင်ငံခြားငွေ ရောင်းပေးမည်

ပြည်တွင်းသို့ နယ်စပ်မှတင်သွင်းမည့် ကုန်ပစ္စည်း (၇) မျိုးအတွက် နိုင်ငံခြားငွေ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကုန်ပစ္စည်း (၇) မျိုးမှာ သံ/ သံမဏိ၊ ကော်စေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ၊ဆိုလာနှင့် ယာဉ်ယန္တရားများပါဝင်ကြောင်း သိရသည်။

ယခုအစီအစဉ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုကော်မတီ (FESC) က နယ်စပ်ကုန်သွယ်ရေးမှ တင်သွင်းခွင့်ပြုထားသည့် သွင်းကုန်အမယ် (၇) မျိုးအတွက် Online Trading အစီအစဉ်မှတဆင့် နိုင်ငံခြားငွေ ရောင်းချပေးမည့်အစီအစဉ်ဖြစ်သည်။

ထို့ပြင် ကျန်ရှိသည့်ပစ္စည်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စိစစ်ပြီးမှသာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တရုတ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး၌ ပို့ကုန်/သွင်းကုန်အတွက် ယွမ်ငွေတစ်မျိုးတည်းကိုသာ သုံးစွဲရမည်ဖြစ်ပြီး သွင်းကုန်လိုင်စင်လျှောက်ထားသည့်အခါ ပို့ကုန်ရငွေမှဖြစ်စေ၊ ပြည်တွင်းဘဏ်များမှဖြစ်စေ ဝယ်ယူထားသည့် ယွမ်ငွေရှိကြောင်း ဘဏ်စာရင်းပါ တင်ပြရမည်ဖြစ်ကြောင်းလည်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=127816

## မြန်မာ့ရော်ဘာကိုနိုင်ငံတကာဈေးကွက်စည်းမျဉ်းစည်းကမ်းဘောင်အတွင်းထုတ်လုပ်ရောင်းချဖို့စီစဉ်




မြန်မာ့ဒေသထွက် ရော်ဘာကိုနိုင်ငံတကာဈေးကွက် စည်းမျဉ်းစည်းဘောင်အတွင်းမှာ ဈေးကွက်ယှဉ်ပြိုင်ရောင်းချနိုင်ဖို့ အရည်အသွေးပြင်ဆင်မှုတွေကို ဆောင်ရွက်နေတယ်လို့ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းက သိရပါတယ်။

ရေရှည်တည်တံ့တဲ့ သဘာဝရော်ဘာစနစ်ဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာ သစ်တောပြုန်းတီးမှုမဖြစ်စေရန်၊ ရော်ဘာထုတ်လုပ်ရေးလမ်းစဉ်တစ်လျှောက်တွင်လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင် မထိခိုက်၊ မပျက်စီးစေရန်စတဲ့စည်းမျဉ်း၊ စည်းကမ်းဘောင်အတွင်းမှာ ထုတ်လုပ်ဖို့ပြင်ဆင်နေတာလို့လည်း သိရပါတယ်။

မြန်မာနိုင်ငံမှာရော်ဘာစိုက်ကေစုစုပေါင်း ၁ ဒသမ ၆သန်းကျော်ရှိပြီး ရော်ဘာအစေးခံ၍ ကုန်ကြမ်းထုတ်လုပ်နိုင်တဲ့ ရော်ဘာကေစုစုပေါင်း ၈၅၀,၀၀၀ ကျော်ရှိနေပါတယ်။ အဲဒီကေတွေရဲ့ ထုတ်လုပ်နိုင်ချေဟာဆိုရင်လည်း တစ်နှစ်ကိုတန်ချိန် ၄ သိန်းခန့်ထွက်ရှိနေတာဖြစ်တယ်လို့ သိရပါတယ်။ မြန်မာ့ဒေသထွက်ရော်ဘာတွေကိုတရုတ်၊ ထိုင်း၊ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်၊ စင်ကာပူ၊ ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့နဲ့ တရုတ်(တိုင်ပေ)မှ အဓိကထားဝယ်ယူနေတာဖြစ်ပါတယ်။ အဲဒီလိုဝယ်ယူနေတဲ့ ပြည်ပနိုင်ငံတွေထဲကနေအခုဘဏ္ဍာနှစ်ရဲ့ ဇူလိုင်လမှာဆိုရင် တရုတ်၊ အိန္ဒိယ၊ ကိုရီးယားနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွေကိုတန်ချိန် ၁၀,၇၇၀ တင်ပို့ရောင်းချပေးထားတယ်လို့ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကဆိုထားတာပါ။ နိုင်ငံတကာရော်ဘာဈေးကွက်အနေဖြင့်လည်းလာမည့် ၂၀၃၀ ပြည့်နှစ်တွင် ရေရှည်တည်တံ့နိုင်သော သဘာဝရော်ဘာစနစ်များဖြင့်သာ ရောင်းချကြရမှာဖြစ်ပါတယ်။

ဒါကြောင့်မြန်မာနိုင်ငံအနေနဲ့လည်း ကမ္ဘာ့ရော်ဘာ ဈေးကွက်သတ်မှတ်ချက်အတိုင်း လိုက်ပါဆောင်ရွက်နိုင်မှသာ နိုင်ငံတကာ ရော်ဘာဈေးကွက်များမှာ ဈေးကွက်ယှဉ်ပြိုင်ရောင်းချနိုင်မှာမို့ အရည်အသွေးပြင်ဆင် ရောင်းချနိုင်ဖို့ အခု ကတည်းကကြိုတင်ပြင်ဆင်ဆောင်ရွက်နေတာလို့လည်းသိရပါတယ်။

**Source:** https://t.me/htwettoe

## STOCK EXCHANGE (4.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Sep, 2023

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 4,002 (Shares) | 16,350,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,300 | -100 | -1.06% | 9,400 | 9,400 | 9,300 | 1,131 | 10,531,400 | 33,109,694 | 307,920 |
| MTSH | 00002 | 3,150 | ±0 | ±0.00% | 3,150 | 3,150 | 3,100 | 483 | 1,515,450 | 38,929,150 | 122,627 |
| MCB | 00003 | 8,000 | ±0 | ±0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 1,700 | ±0 | ±0.00% | 1,700 | 1,700 | 1,700 | 1,154 | 1,961,800 | 29,664,613 | 50,430 |
| TMH | 00005 | 2,350 | -100 | -4.08% | 2,350 | 2,350 | 2,350 | 90 | 211,500 | 12,823,224 | 30,135 |
| EFR | 00006 | 2,300 | ±0 | ±0.00% | 2,250 | 2,300 | 2,250 | 100 | 225,500 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | ±0 | ±0.00% | 4,900 | 4,900 | 4,900 | 5 | 24,500 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | -100 | -5.26% | 1,900 | 1,900 | 1,800 | 1,039 | 1,880,600 | 23,804,946 | 42,849 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary


As of 4th Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 389.44 | -3.70 | -0.94% | 393.14 | 393.14 | 389.44 | 4,002 | 16,350,750 | 8 | 734,555 |

**Index chart**





YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever modern stock exchange in Myanmar and | Quick link | Notice | Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 4th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 4,002 (Shares) | 16,350,750 (MMK) |

### Main Board

As of 1:00 pm, 4th Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,002 (Shares) | 16,350,750 (MMK) |

| MYANPIX | 389.44 ▼ 3.70 |
|---|---|
| Total Volume (shares) | 4,002 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 734,555 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,300 | ▼ 100 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,350 | ▼ 100 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▼ 100 |